
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# ပါးစပ်နှင့်နှာခေါင်းစည်း (Mask)ကို စနစ်တကျလုံခြုံစွာတပ်ဆင်ပါ

- ဖျားခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း၊ ချောင်းဆိုးခြင်းနှင့် လည်ချောင်းနာခြင်း စတဲ့လက္ခဏာတစ်ခုခုခံစားရပါက ကိုရိုနာဗိုင်းရပ်စ် ရောဂါ (COVID-19) အပါအဝင် အသက်ရှုလမ်းကြောင်း ဆိုင်ရာ ကူးစက်ရောဂါတစ်ခုခု ရှိနေနိုင်တာ ဖြစ်ပါတယ်။
- ချောင်းဆိုးခြင်းဖြင့် ရောဂါပိုးပါနိုင်သောအစက်အမှုန်ကြီးများ (Large Spray Droplets) သည် တစ်စက္ကန့်လျှင် (၃၃) ပေနှုန်းအရှိန်ဖြင့် အကွာအဝေး (၆) ပေခွဲကျော်အထိ ရောက်ရှိနိုင်ပါသည်။
- နှာချေခြင်းဖြင့် ရောဂါပိုးပါနိုင်သောအစက်အမှုန်ကြီးများ (Large Spray Droplets) သည် တစ်စက္ကန့်လျှင် (၁၆၄) ပေနှုန်းအရှိန်ဖြင့် အကွာအဝေး (၁၉) ပေခွဲကျော်အထိ ရောက်ရှိနိုင်ပါသည်။
- ထို့အပြင် ရိုးရိုးအသက်ရှုထုတ်ခြင်းဖြင့် ရောဂါပိုးပါသောအစက်အမှုန်ကြီးများ (Large Spray Droplets) သည် အကွာအဝေး (၁၉) ပေခွဲအထိ ရောက်ရှိနိုင်ပါသည်။
- ထိုသို့ထွက်ရှိနေသည့်အစက်အမှုန်များထဲတွင်ပါနိုင်သော ကိုရိုနာဗိုင်းရပ်စ် (COVID-19) ရောဂါ အပါအဝင် ရောဂါပိုးများသည် ပါးစပ်နှင့်နှာခေါင်းစည်း (Mask) မတပ်ဆင်ထားသော အခြားလူများသို့ ကူးစက်နိုင်ပါသည်။




အစက်အမှုန်များ ပျံ့နှံ့ရောက်ရှိနိုင်ပုံ

**ရောဂါပိုးပါဝင်သောအစက်အမှုန်များထွက်ရှိခြင်း (သို့မဟုတ်) ဝင်ရောက်ခြင်း မရှိစေရန် ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို စနစ်တကျ လုံခြုံစွာတပ်ဆင်ပါ။**

ပုံ(၉) ပါးစပ်နှင့်နှာခေါင်းစည်း(Mask)ကိုစနစ်တကျလုံခြုံစွာတပ်ဆင်ပါ

ကျန်းမာရေးဝန်ကြီးဌာန

( ၂၈ - ၆ - ၂၀၂၁ )